မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

အစီရင်ခံစာထုတ်ပြန်ခြင်း

# နားစွင့်ရမည့်အသံများ

## မြေယာအခွင့်အရေး အကာအကွယ်ပေးရေးနှင့် အသိအမှတ်ပြုရေးအတွက် မူလမြေပိုင်ရှင်တို့၏ အစဉ်တစိုက် ရှုန်းကန်တိုက်ပွဲဝင်မှုများ

ဖေဖော်ဝါရီလ ၁၂ ရက်၊ ၂၀၁၅ ခုနှစ်

မြန်မာနိုင်ငံတွင် မြေယာပြဿနာသည် ပြည်တွင်းစစ်ပြီးနောက် ဒုတိယအရေးကြီးဆုံးသော ပြဿနာတစ်ရပ်ဖြစ်သည်။ မြေယာပဋိပက္ခများကို ဖြေရှင်းရန်အတွက် အစိုးရသစ်လက်ထက်တွင် ဥပဒေ၊ နည်းဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ မြေယာဆိုင်ရာ ကော်မရှင်၊ ကော်မတီများဖွဲ့စည်းခြင်းနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်များ ဖွဲ့စည်းခြင်းများ ပြုလုပ်လာခဲ့သော်လည်း မြေယာပဋိပက္ခများမှာ ပြေလည်သွားခြင်း မရှိချေ။ ၎င်းအပြင် မြေယာသိမ်းယူမှုများလည်း ရပ်တန့်သွားခြင်းမရှိဘဲ ကြိမ်ဖန်များစွာ ထပ်မံဖြစ်ပွားလျက်ရှိသည်။

ယခင်စစ်အစိုးရလက်ထက်မှ ယခုလက်ရှိ အရပ်သားအစိုးရလက်ထက်အထိ သိမ်းယူခဲ့သော မြေယာများနှင့်ပတ်သက်၍ မူလပိုင်ရှင် တောင်သူများက မြေယာပြန်လည်ရယူလိုမှုနှင့် တရားမျှတမှုအတွက် ၎င်းတို့၏ဆန္ဒအသံကို အစဉ်တစိုက် ထုတ်ဖော်လာခဲ့ကြသည်။

ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ အသိပညာဗဟုသုတ မြင့်မားလာခြင်း၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများထံမှ အကူအညီရရှိလာခြင်း၊ အာဏာပိုင်များအပေါ် အကြောက်တရားနည်းပါးလာခြင်းတို့ကြောင့် နစ်နာသူမြေပိုင်ရှင်များအနေဖြင့် မြေယာတိုက်ပွဲများကို ပိုမိုစနစ်ကျနစွာဖြင့် တရားဥပဒေနှင့်အညီ ဆင်နွှဲလာကြသည်။

သို့သော် နစ်နာသူမြေပိုင်ရှင်တို့၏ ဆန္ဒအသံများကို အာဏာပိုင်များနှင့် တာဝန်ရှိသူများက အစဉ်တစိုက် လစ်လျူရှုခဲ့သဖြင့် မြေယာပဋိပက္ခများမှာ ပြေလည်သွားခြင်း မရှိချေ။

နစ်နာသူမြေပိုင်ရှင်များ၏ တိုက်ပွဲဝင်ကြိုးပမ်းနေမှုများအတွက် ထိုက်တန်သောအသီးအပွင့်များရရှိရန်၊ လယ်ယာမြေပဋိပက္ခများနှင့်ပတ်သက်၍ တရားမျှတမှုပြန်လည်ရရှိရန်၊ မြေယာပဋိပက္ခဖြေရှင်းရာတွင် မအောင်မြင်ရခြင်း၏ အဓိကအကြောင်းရင်းများကို ဖော်ထုတ်သိရှိနိုင်ရန်အတွက် မွန်ပြည်နယ်အတွင်းဖြစ်ပွားနေသော မြေယာပဋိပက္ခများနှင့်ပတ်သက်၍ ပိုမိုစနစ်ကျနစွာဖြင့် အရှိန်အဟုန်မြှင့် လေ့လာစုံစမ်းသင့်သည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထင်မြင်ယူဆသဖြင့် ဤအစီရင်ခံစာကို ထုတ်ဝေရခြင်းဖြစ်သည်။

ဤအစီရင်ခံစာတွင်ပါရှိသော မြေအသိမ်းခံရသည့် အဓိကနေရာဒေသများမှာ အောက်ပါအတိုင်းဖြစ်သည်။

- မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တွင် အခြေစိုက်ထားသည့် အမှတ် (၃၁၅) အမြောက်တပ်ရင်းက သံဖြူဇရပ်မြို့နယ် ဝယ်ကလီကျေးရွာအနောက်ဘက် ရန်ကုန် - ထားဝယ်မီးရထားလမ်းနှင့် မော်တော်ကားလမ်းကြားတွင် တည်ရှိသည့် ဧက (၄၀၀) ခန့်ရှိသော ဒေသခံခြံရှင်များပိုင်ဆိုင်သည့် ရာဘာခြံများကို သိမ်းယူထားသည်။ ယင်းဧက (၄၀၀) မှ ခြံရှင်ပေါင်း အယောက် (၄၀) ခန့်ကို တွေ့ဆုံ မေးမြန်းပြီး အချက်အလက်များ ရယူအသုံးပြုထားသည်။
- သံဖြူဇရပ်မြို့နယ် ဝယ်ကလီကျေးရွာအခြေစိုက် အမှတ် (၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းက အနီးအနားပတ်ဝန်းကျင်ရှိ တောင်ကုန်း၊ ကမူကုန်းများနှင့် အရပ်အခေါ် "စက်ပစ်ကွင်း" နေရာပတ်ဝန်းကျင်မှ ဝယ်ကလီ၊ ပင၊ ဝဲရက်၊ ဘုရား

လေးဆူကျေးရွာဒေသနေ ပြည်သူများ စိုက်ပျိုးထားသည့် ရာဘာခြံမြေ စုစုပေါင်း ဧက (၈၀၀) ခန့်အား မတရားသိမ်းယူထားသည်။ ယင်းဖြစ်စဉ်များမှ ခြံရှင် (၃၀) ကျော်အား တွေ့ဆုံမေးမြန်း မှတ်တမ်းပြုထားသည်။

- တဆက်တည်းတွင် ယင်းတပ်နှစ်တပ်ပေါင်းမှ သံဖြူဇရပ်မြို့နယ် သင်္ဘောကျေးရွာနှင့် စခန်းကြီးကျေးရွာအကြား တည်ရှိနေသည့် ရာဘာခြံဧက (၁၉၆၇.၈) ကျော်ကို သိမ်းယူထားသည်။ ယင်းဖြစ်စဉ်မှ နစ်နာသူရာဘာခြံရှင် (၇၆) ဦးကို တွေ့ဆုံမေးမြန်းပြီး အချက်အလက်များ၊ သက်သေများကို ကောက်ခံစုဆောင်းခဲ့သည်။

ဤအစီရင်ခံစာတွင် မြေယာမူဝါဒ၊ မြေယာဥပဒေနှင့် နည်းဥပဒေများနှင့် မြေယာပဋိပက္ခဖြေရှင်းရာတွင် အဓိကကျသော အင်အားစုများအကြောင်းကိုလည်း သုံးသပ်ဆွေးနွေးထားသည်။

မိရိုးဖလာပိုင်ဆိုင်မှုကို ငြင်းပယ်သော မြေယာမူဝါဒ၊ သာမန်အောက်ခြေလယ်မြေပိုင်ရှင်များကို အကာအကွယ်မပေးနိုင်သော လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ၊ လယ်ယာမြေသိမ်းယူနေသော စစ်တပ်ကို ဥပဒေကြောင်းအရ တရားစွဲဆိုအရေးယူနိုင်မှု မရှိခြင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုအာဏာကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လက်ဝါးကြီးအုပ်ထားခြင်း၊ ဖွဲ့စည်းထားသော လယ်ယာမြေဆိုင်ရာ ကော်မရှင်၊ ကော်မတီများတွင် လုပ်ပိုင်ခွင့်အာဏာမရှိခြင်း၊ လယ်ယာမြေပဋိပက္ခဖြေရှင်းရာတွင် အများပါဝင်ခွင့်မရှိခြင်းတို့သည် အဓိကကျသော ပြဿနာများဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

လယ်မြေပြန်လည်ရယူလိုမှုနှင့် တရားမျှတမှုအတွက် မူလမြေပိုင်ရှင်များ၏ တောင်းဆိုတိုက်ပွဲဝင်မှုနှင့်ပတ်သက်သော သက်သေအထောက်အထား စာရွက်စာတမ်းများကိုလည်း စုဆောင်းတင်ပြထားသည့်အပြင် ၎င်းတို့၏ ဆန္ဒအသံများကိုလည်း တွေ့ဆုံမေးမြန်းထားသည်။

မိရိုးဖလာမြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုရန်၊ မြေသိမ်းယူမှုပုံစံအားလုံးကိုရပ်တန့်ရန်၊ သာမန်အောက်ခြေလယ်သမား ခြံသမားများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်၊ အမှီအခိုကင်း၍ လွတ်လပ်သော တရားစီရင်မှုစနစ်ရရှိရန်နှင့် စစ်တပ်မှ ကျူးလွန်ထားသော မြေယာချိုးဖောက်မှုများကို ဖြေရှင်းရာတွင် အဟန့်အတားဖြစ်နေသည့် အခြေခံဥပဒေပါ စစ်တပ်၏ သီးခြားတရားစီရင်ပိုင်ခွင့်ကို ပယ်ဖျက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများကို မှတ်ချက်ပြုတောင်းဆိုထားသည်။

နားစွင့်ရမည့်အသံများ (မြေယာအခွင့်အရေး အကာအကွယ်ပေးရေးနှင့် အသိအမှတ်ပြုရေးအတွက် မူလမြေပိုင်ရှင်များ၏ အစဉ်တစိုက် ရုန်းကန်တိုက်ပွဲဝင်မှုများ) အစီရင်ခံစာ အပြည့်အစုံကို ပီဒီအက်ဖ်ဖိုင်ပုံစံဖြင့် http://www.rehmonnya.org/reports/Yearning-to-be-Heard-word-Eng-Full-Report.pdf (အင်္ဂလိပ်ဘာသာ)၊ http://www.rehmonnya.org/reports/Yearning-to-be-Heard-word-BUR-Brief-Report.pdf (မြန်မာဘာသာ အစီရင်ခံစာ အနှစ်ချုပ်) တွင် ရယူနိုင်ပါသည်။ အစီရင်ခံစာကို စာအုပ်အနေဖြင့်လည်း ထုတ်ဝေဖြန့်ချိမည်ဖြစ်ပြီး ရယူလိုပါက monhumanrights@gmail.com သို့ ဆက်သွယ်တောင်းခံနိုင်ပါသည်။

အစီရင်ခံစာနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ မွန်ဘာသာဖြင့်ဖြစ်စေ မြန်မာဘာသာဖြင့်ဖြစ်စေ တွေ့ဆုံမေးမြန်းမှုပြုလုပ်လိုပါက monhumanrights@gmail.com, hurfomcontact@yahoo.com သို့မဟုတ်


| | |
|---|---|
| **နိုင်ဗညား** | **နိုင်အဲမွန်** |
| **လူ့အခွင့်အရေး ပညာပေးစည်းရုံးရေးဌာန** | **လူ့အခွင့်အရေး အချက်အလက်ဆိုင်ရာ မှတ်တမ်းတင်ဌာန** |
| **မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း** | **မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း** |
| **+၆၆ (၀)၈၉ ၂၃၉ ၉၄၀၁** | **+၆၆ (၀)၈၆ ၁၆၇ ၉၇၄၁** |
| bnyairogvon@gmail.com | auemon@gmail.com  သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ |


မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း - မြန်မာနိုင်ငံ (Human Rights Foundation of Monland - Burma) သည် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး မွန်ကျောင်းသားလူငယ်များနှင့် လူထုခေါင်းဆောင်များက ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံတောင်ပိုင်းအတွင်း လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုကို အဓိကထား လုပ်ဆောင်နေပြီး လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ အစီရင်ခံစာများနှင့် သုံးသပ်ချက်များကို ပုံမှန်ထုတ်ပြန်လျှက်ရှိသည်။ အသေးစိတ်ကို http://rehmonnya.org/ တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။